# ကိုယ်ဝန်ဆောင်သည့် အလုပ်သင်များသို့

**အဖိုးတန်သော အသိပေးချက်**

・ဂျပန်ပြည်တွင် ကိုယ်ဝန်ဆောင်ခြင်းကြောင့် အလုပ်ဖြုတ်ခြင်းကို ဥပဒေအရ တားမြစ်ထားပါသည်။
・ဝန်ဆောင်မှု ကုမ္ပဏီနှင့် ကုမ်ပဏီအအိမ် **သင့်အား ကိုယ်ဝန်ဆောင်သောကြောင့် အစွမ တိုင်းပြည်သို့ ပြန်လည်ပို့ခြင်းကို ခွင့်မပြုပါ။**
・အလုပ်ဖြုတ်ခြင်း၊ တိုင်းပြည်ပြန်ရန် ပြောဆိုလာခြင်းများ ရှိပါက **နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းကြီးကြပ်ရေး ကော်မတီ(OTIT) သို့ တိုင်ပင်ပါ။** OTIT မှ ကူညီပါမည်။

※ဆက်သွယ်ရန် လိပ်စာမှာ ကျောဘက်တွင် ပါရှိသည်

## ကိုယ်ဝန်ဆောင်လျှင် မည်ကဲ့သို့ လုပ်ရမည်နည်း ?

☑ ကိုယ်ဝန်ရှိလာလျှင် ကုမိအအိ သို့မဟုတ် အလုပ်မှ တိုင်ပင်နိုင်သည့် တာဝန်ခံအား ကိုယ်ဝန်ရှိကြောင်း အကြောင်းကြားပါ။
☑ နည်းပညာ အလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ သို့မဟုတ် နေထိုင်ရာ ဒေသရှိ တိုင်ပင်ရန်ဌာနများတွင်လည်း တိုင်ပင်နိုင်ပါသည်။

※ဆက်သွယ်ရန် လိပ်စာမှာ ကျောဘက်တွင် ပါရှိသည်

☑ နေထိုင်ရာ ဒေသရှိ မြို့နယ်ကျေးရွာ အုပ်ချုပ်ရေး ရုံးများတွင်လည်း ကိုယ်ဝန်ရှိကြောင်း အကြောင်းကြားလွှာကို တင်ပြလျှောက်ထားပါ၊
☑ မြို့နယ်ကျေးရွာ အုပ်ချုပ်ရေး ရုံးများတွင် မိခင်နှင့် ကလေး ကျန်းမာရေး မှတ်တမ်းနှင့် ကိုယ်ဝန်ဆောင် ကျန်းမာရေး ဆေးစစ်လက်မှတ်များ ရရှိနိုင်ပါ၍ ကိုယ်ဝန်ဆောင်စဉ်အတွင်း သပ်မှတ်ထားသော ကာလအလိုက် ဆေးစစ်ခြင်းများကို ပြုလုပ်ကြပါစို့။

## ကိုယ်ဝန်ဆောင်လျှင်လည်း အလုပ် လုပ်နိုင်ပါသလား ?

☑ ဂျပန်ပြည်တွင် ကိုယ်ဝန်ဆောင်ခြင်းကြောင့် အလုပ်ဖြုတ်ခြင်းနှင့် မသင့်တော်သော စေခိုင်းခြင်းများကို တားမြစ်ထားပါသည်။ သင်က ဆက်လက် အလုပ် လုပ်လိုပါက လုပ်ငန်းခွင် သင်တန်းကို ဆက်လက် လုပ်ဆောင်နိုင်ပါသည်။
☑ ဂျပန်ပြည်တွင် မီးဖွားရန် ရက်သတ္တပတ် ၆ပါတ် မတိုင်မီမှစ၍ အလုပ်နားယူနိုင်ပါသည်။

> အလုပ်နားနေစဉ်ကာလအတွင်း လစာမရှိသည့်အခါ၊ သင်ပါဝင်ထားသော ကျန်းမာရေး အာမခံ ဌာနမှ မီးဖွားစားရိပ် ထောက်ပံ့မှု （သာမာန်လစာ၏ ပျမ်းမျှ ၆၀ရာခိုင်နှုန်း） ကို ပေးဆောင်ပါမည်။

## မီးဖွားပြီးသည့်နောက် ဆက်လက်၍ အလုပ် လုပ်နိုင်ပါသလား ?

☑ ဂျပန်ပြည်တွင် မီးဖွားပြီးနောက် သင့်ခန္ဓာကိုယ် ကျန်းမာရေးအတွက် အခြေခံ မူအားဖြင့် ရက်သတ္တပတ် ၈ ပါတ်၊ အလုပ် လုပ်ကိုင်၍ မရပါ။ ထို့နောက်ပိုင်းတွင် လုပ်ငန်းခွင် သင်တန်းအား ဆက်လက် လုပ်ကိုင်နိုင်ပါသည်။

> အလုပ်နားနေစဉ်ကာလအတွင်း လစာမရှိသည့်အခါ၊ သင်ပါဝင်ထားသော ကျန်းမာရေး အာမခံ ဌာနမှ မီးဖွားစားရိပ် ထောက်ပံ့မှု （သာမာန်လစာ၏ ပျမ်းမျှ ၆၀ရာခိုင်နှုန်း） ကို ပေးဆောင်ပါမည်။

☑လုပ်ငန်းခွင် သင်တန်းကို ရပ်နား၍ မိမိတိုင်းပြည်သို့ ပြန်၍ မီးဖွားရာတွင်လည်း နောက်တစ်ကြိမ် ပြန်လာပြီး လုပ်ငန်းခွင် သင်တန်းအား ဆက်လက် လုပ်ကိုင်နိုင်ပါသည်။ （လျှောက်ထားရန် လိုအပ်ပါသည်။）
☑ လုပ်ငန်းခွင် သင်တန်းအား ပြန်လည် လုပ်ကိုင်ရာတွင် နည်းပညာ အလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ စသည့်တို့တွင် လျှောက်လွှာလုပ်ရန် လိုအပ်ပါသည်။ လုပ်ငန်းခွင် သင်တန်း ပြန်လည်လုပ်ကိုင်ခြင်းနှင့် ပြန်လည် လုပ်ကိုင်ရန် ရည်မှန်းထားသော ကာလကို ကုမိအအိနှင့် အလုပ်ဌာနသို့ အကြောင်းကြားထားကြပါစို့။

လူဝင်မှုကြီးကြပ်ရေး အေဂျင်စီ・ကျန်းမာရေးနှင့် အလုပ်သမား ဝန်ကြီးဌာန・
နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း ကြီးကြပ်ရေး ကော်မတီ LL030514開海01

**အဖိုးတန်သော အသိပေးချက်**

# တိုင်ပင်ရန် ဌာန

**အခက်အခဲနှင့် ကြုံတွေ့နေပါက နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်းကြီးကြပ်ရေး ကော်မတီ (OTIT) သို့ တိုင်ပင်ဆွေးနွေးပါ။**
**(တယ်လီဖုန်း သို့မဟုတ် မေးလ်ဖြင့် တိုင်ပင်နိုင်ပါသည်။)**

| ဆွေးနွေးနိုင်သော ဘာသာ | ဆွေးနွေးနိုင်သည့် ရက်နှင့် အချိန် | ဖုန်းနံပါတ် | OTIT မိခင်ဘာသာဖြင့် ဆွေးနွေးနိုင်သော ဝက်ဘ်ဆိုဒ် URL |
|---|---|---|---|
| ဗီယက်နမ် ဘာသာ | တနင်္လာ～သောကြာ၊ စနေ<br>11:00～19:00<br>(စနေ 9:00～17:00) | 0120-250-168 | https://www.support.otit.go.jp/soudan/vi/ |
| တရုပ်ဘာသာ | တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ<br>11:00～19:00<br>(စနေ 9:00～17:00) | 0120-250-169 | https://www.support.otit.go.jp/soudan/cn/ |
| အင်ဒိုနီးရှား ဘာသာ | အင်္ဂါ၊ ကြာသပတေး<br>11:00～19:00 | 0120-250-192 | https://www.support.otit.go.jp/soudan/id/ |
| ဖိလစ်ပိုင် ဘာသာ | အင်္ဂါ၊ ကြာသပတေး၊ စနေ<br>11:00～19:00<br>(စနေ : 9:00～17:00) | 0120-250-197 | https://www.support.otit.go.jp/soudan/phi/ |
| အင်္ဂလိပ်ဘာသာ | အင်္ဂါ၊ ကြာသပတေး၊ စနေ<br>11:00～19:00<br>(စနေ : 9:00～17:00) | 0120–250–147 | https://www.support.otit.go.jp/soudan/en/ |
| ထိုင်းဘာသာ | ကြာသပတေး၊ တနင်္ဂနွေ<br>11:00～19:00<br>(တနင်္ဂနွေ : 9:00～17:00) | 0120–250–198 | https://www.support.otit.go.jp/soudan/th/ |
| ကမ္ဘောဒီးယား ဘာသာ | ကြာသပတေး<br>11:00～19:00 | 0120–250–366 | https://www.support.otit.go.jp/soudan/kh/ |
| မြန်မာဘာသာ | အင်္ဂါ<br>11:00～19:00 | 0120–250–302 | https://www.support.otit.go.jp/soudan/mm/ |

**ကိုယ်ဝန်ဆောင်နေစဉ်အတွင်း စိုးရိမ်မှုများအပြင် နေထိုင်မှုအတွက် ခက်ခဲနေပါက မိမိနေထိုင်ရာ ဒေသရှိ တိုင်ပင်ရန်ဌာနတွင်လည်း တိုင်ပင်နိုင်ပါသည်။**

| | |
|---|---|
| ဒေသတွင်း တိုင်ပင်ရန်ဌာန<br>(နိုင်ငံခြားသား နေထိုင်မှု ထောက်ပံ့ရေး ဝဘ်ဆိုဒ်) | http://www.moj.go.jp/isa/content/930004512.pdf<br>※စုံစမ်းသည့်ဌာန အပေါ်လိုက်၍ အသုံးပြုနိုင်သော ဘာသာစကားများ ကွဲပြားနိုင်ပါသည်။ |
| နေထိုင်မှု တိုင်ပင်ရာ ဘာသာစုံ ဌာန<br>( (သာမာန်)ဒေသတွင်း နိုင်ငံတစ်ကာ ပူးပေါင်း ကူညီမှုဌာန)<br>Council of Local Authorities for International Relations | http://www.clair.or.jp/j/multiculture/association/consultation_list.html |

**「နေထိုင်မှု・အလုပ်လုပ်ကိုင်မှု လက်ဆွဲစာအုပ်」 တွင်လည်း**
**မီးဖွား・ကလေးပြုစုပျိုးထောင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ရေးသားထားပါသည်**

**http://www.moj.go.jp/isa/support/portal/index.html**

တိုင်ပင်နိုင်သော ဘာသာ : ဂျပန် (လွယ်ကူသော ဂျပန်ဘာသာ အပါအဝင်) ၊ အင်္ဂလိပ်စာ၊ တရုပ်၊ ကိုရီးယား၊ စပိန်၊ ပေါ်တူဂီ၊ ဗီယက်နမ်၊ နီပေါ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ ခမာ၊ ဖိလစ်ပိုင်၊ မွန်ဂိုဘာသာ

လူဝင်မှုကြီးကြပ်ရေး အေဂျင်စီ・ကျန်းမာရေးနှင့် အလုပ်သမား ဝန်ကြီးဌာန・
နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း ကြီးကြပ်ရေး ကော်မတီ